ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပျဉ်းမနားမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း ( ပထမနှစ် စက်ဝန်း )



# Village Development Plan (VDP)

သစ်လေးလုံးကျေးရွာ၊ သစ်လေးလုံးကျေးရွာအုပ်စု

---

၂၀၁၇ ခုနှစ်

ပျဉ်းမနားမြို့

**မာတိကာ**

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ (တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ။

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးမှုအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ။
၈။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ် (ပုံစံ - ၃)


၁၁။ ကျေးရွာအုပ်စုစီမံကိန်း လုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ - ၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ။


၁၃။ ကဏ္ဍအလိုက် ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP)

## မြို့နယ်မြေပုံ



ကျေးရွာမြေပုံ (တည်နေရာ)




အုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်း

၁။ သစ်လေးလုံးကျေးရွာ

၂။ ပုရွက်ဆိတ်ကုန်း ကျေးရွာ

## ကျေးရွာအခြေခံအချက်အလက်များ

<u>သစ်လေးလုံး ကျေးရွာသမိုင်းကြောင်း</u>

၂၄.၃.၂၀၁၇

ကျွန်းသစ်ကြီး (၄) လုံးကို အစွဲပြုပြီး ရွာနာမည်ကို သစ်လေးလုံးကျေးရွာ ဟု ခေါ်ခဲ့ကြပါသည်။ ရွာသက် (၁၅၀) နှစ် ရှိခဲ့ပါသည်။ ရွာကို စတည်ခဲ့စဉ်က သစ်လုံးများဖြင့် ကာရံထားခဲ့ပါသည်။ (၁၂၅၀) ဝန်းကျင်လောက်က ရွာမ မှ အိမ်ထောင်စု (၅၀) ခန့်နှင့် တပ်ပိုး မှ အိမ်ထောင်စု (၁၀) ခန့်ဖြင့် ရွာဖြစ်လာခဲ့ပါသည်။အရှေ့ဘက်ပိုင်းမှ ရွာလေးဖြစ်သော ဘုရားကုန်းခေါ် တပ်ပိုး မှ ရွာမသို့ လာရောက် ပေါင်းစုပြီး ရွာဖြစ်လာခဲ့ပါသည်။ ဆွေမျိုးစု (၇) စုခန့်ဖြင့် ရွာကို စတည်ခဲ့ပါသည်။ ဒုတိယ ကမ္ဘာစစ် မဖြစ်ခင်အထိ ဘုန်းကြီးကျောင်းထဲတွင် ကျွန်းသစ်ကြီး (၁) လုံးရှိခဲ့ပါသည်။ ဘုန်းကြီးကျောင်းများမှာ ရွာဦးတွင် (၂) ကျောင်း၊ အနောက်ဘက်တွင် (၁) ကျောင်း ရှိခဲ့ပါသည်။ စာသင်ကျောင်း အရှေ့ဘက်တွင် ပိတောက်ကုန်းကျောင်း ရှိခဲ့ပါသည်။ (၁၂၈၀) ရှေ့တွင် အုတ်ဂူ တစ်လုံးမှ မရှိခဲ့ပါ။ ကမ္ဘည်း မှာလည်း (၁၂၈၀) ရှေ့တွင် မရှိခဲ့ပါ။ တည်းခိုနေသော ဂျပန်စစ်တပ်အား ဗုံးကျဲခဲ့သဖြင့် ရွာ၌ တိုက် (၂) တိုက် သာ ကျန်ခဲ့ပါသည်။ ဂျပန်ခေတ်တွင် အမေရိကန် မိတ်ဖက်တွေက နေ့လည် (၁၁) နာရီခန့်တွင် ဗုံးကျဲခြင်းကို ခံခဲ့ရပြီး လူဦးရေ (၅၈) ဦးခန့် သေဆုံးခဲ့သည်။ သစ်လေးလုံးရွာမှ (၅၄) ဦးနှင့် ပြင်ပမှ (၄) ဦး သေဆုံးခဲ့ပါသည်။ (၁၃၀၉) ခုနှစ်တွင် လွတ်လပ်ရေး ရခဲ့ပါသည်။ တောင်သူလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်ခဲ့ကြပါသည်။

လမ်းပန်းဆက်သွယ်ရေးမှာ ရွှံ့ဗွက်များ ထူထပ်လွန်းသဖြင့် သွားလာရ ခက်ခဲပြီး နေထိုင်မကောင်းသည့်အခါ ဆေးရုံ၊ ဆေးခန်းများသို့ စောင်ဝါးထမ်းများဖြင့် သွားကြရသည်။ (၁၉၇၄-၇၅) ခုနှစ်တွင် ဆေးပေးခန်း စရှိခဲ့သည်။ ပထမဆုံး စာသင်ကျောင်းမှာ ပြည်တော်သာခေတ် (၁၉၅၃) ခုနှစ်တွင် အမှတ်(၁၉) မူလတန်းကျောင်းဖြစ်ခဲ့ပြီး (၁၉၇၃) တွင် တွဲဘက်အလယ်တန်းအဆင့်၊ ထို့နောက် (၁၉၈၀) ခုနှစ်တွင် အလယ်တန်းကျောင်း ဖြစ်ခဲ့ပါသည်။ (၁၉၉၄-၁၉၉၅) တွင် တွဲဖက် အထက်တန်းကျောင်းဖြစ်ခဲ့ပြီး (၂၀၀၄) ခုနှစ်တွင် အထက်တန်းကျောင်းခွဲ၊ (၂၀၁၃) ခုနှစ်တွင် အထက်တန်းကျောင်း ဖြစ်လာခဲ့သည်။ (၂၀၀၀) ခုနှစ်တွင် ကျောက်ချောလမ်း ဖြစ်လာခဲ့သည်။ (၂၀၀၆) ခုနှစ်တွင် စာကြည့်တိုက် ဖွင့်ပွဲ ပြုလုပ်ကျင်းပ ခဲ့ကြသည်။ (၂၀၁၅) ခုနှစ်တွင် ရွာချင်းဆက်လမ်းများမှာ ကတ္တရာလမ်း ဖြစ်ခဲ့ပါသည်။ သီလရှင်ကျောင်းလည်း ရှိခဲ့ပါသည်။ (၁၉၇၈-၇၉) ခုနှစ်တွင် ပညာတက် ဘွဲ့ရများ ပေါ်များလာခဲ့သည်။ ရွာတွင်လည်း အစိုးရဝန်ထမ်းများ ရှိလာခဲ့ကြသည်။ ယခုလက်ရှိတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ (၂၀၁၆) ခုနှစ်တွင် RC နှစ်ထပ် စာသင်ကျောင်းဆောင်သစ် ရရှိခဲ့ပါသည်။

ရွာတွင်းလမ်းများလည်း ကွန်ကရစ်လမ်း အဆင့်သို့ ရောက်ရှိခဲ့ပါသည်။ သစ်လေးလုံး ရှိ ဓမ္မာလင်္ကာရ ဘုန်းကြီးကျောင်းတွင် မြတ်စုမွန် ပရဟိတ ကျောင်းကို ဆရာတော် ဦးဇောတိက- (သဓမ္မဇောတိက ဓဇ) မှ (၁၉၈၆) ခုနှစ်တွင် စတည်ထောင်ခဲ့ပါသည်။ (၁၉၉၆) ခုနှစ်တွင် နိုင်ငံတော်မှ အသိအမှတ် ပြုခဲ့ပါသည်။ ရွာကို စတည်ထောင်ချိန်မှ စပြီး ယခုအချိန်ထိ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ခဲ့ကြပါသည်။

လက်ရှိအိမ်ထောင်စု - ၄၇၇ (ကျား)-၈၉၀ယောက် (မ)-၁၀၃၈ယောက်
စုစုပေါင်းလူဦးရေ - ၁၉၂၈ယောက်
ကူညီပံ့ပိုးသူ - ဒေါ်နန္ဒာစိုးဦး
ပါဝင်ဆွေးနွေးသူ - ကျား(၆)၊ မ (၃)

**ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ**

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၄၇၇ | ၈၉၀ | ၁၀၃၈ | ၁၉၂၈ |

**လူနည်းစုလူမျိုးစုအိမ်ထောင်စု**

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| - | - | - | - | - |

**ထိခိုက်လွယ်အုပ်စု**

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၁၆၀ | ၆၇ | ၁၂၄ | ၁၉၁ |
| အမျိုးသမီးဦးဆောင် | ၃၀ | | | ၃၀ |
| မသန်စွမ်း | ၁၅ | | | ၁၅ |
| မြေယာမဲ့ | - | | | |

## ကျေးရွာရှိအခြေခံ အဆောက်အဦများ

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ✓ | ဆေးရုံ | | ဘုရားစေတီ | ✓ |
| အလယ်တန်းကျောင်း | ✓ | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | ✓ | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးခန်း | ✓ | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## အဓိက စီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | လက်လုပ်လက်စား |
| ပဲ၊ နှမ်း | ဝက် | ဆေးဆိုင် | ရွှေ့ပြောင်းလုပ်သား |
| နှင်းဆီ | နွား | | |

## ကျေးရွာအတွင်း အဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာ ပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက် ရရှိမှု | ရေတွင်း/ ရေကန် | စက်ရေ ကန် |
|---|---|---|---|---|---|---|
| အရေအတွက် | ၆၀၀ | - | - | - | ၃၀၀ | - |
| ကျေးရွာ ပိုင်ဆိုင်မှုများ | ကား | ဆိုင်ကယ် | ကုန်စုံဆိုင် | | | |
| အရေအတွက် | ၅ | ၂၅၀ | ၁၅ | | | |

## ကျေးရွာအတွင်း အခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား | လှည်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၀ | - | - | - | - | ၁၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ထော်လာဂျီ | | | | | |
| အရေအတွက် | ၈ | | | | | |

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်

## (PSA/PRA) အကျဉ်းချုပ်

ကျေးရွာ၏ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း (Village History) | ၂၄.၃.၂၀၁၇ | ကျေးရွာအကြောင်းကိုသိသောရပ်မိရပ်ဖ ရှေ့မှီနောက်မှီ(အမျိုးသား+အမျိုးသမီးများ)ကျေးရွာအုပ်ချုပ်ရေးမှူး | ၂၆ | ၁၄ | ၄၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများကိုရွာသူရွာသားများနှင့်အတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း |
| ၂ | ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map) | ၆.၂.၂၀၁၇ | ကျေးရွာသူရွာသားများနှင့်မြေပုံရေးဆွဲတက်သူကော်မတီဝင်အချို့နှင့်ကျေးရွာအကြောင်းကိုနှံ့နှံ့စပ်စပ်သိသောလူကြီးလူငယ်များ | ၂၂၈ | ၁၆၆ | ၃၉၄ | ကျေးရွာစီးပွားရေးအရင်းအမြစ်များလမ်းပန်းဆက်သွယ်ရေးအခြေအနေ၊သောက်သုံးရေရရှိမှု၊ပညာရေး၊ကျန်းမာရေးလိုအပ်ချက်၊အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Possess) | ၆.၂.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ (အမျိုးသား၊အမျိုးသမီး) | ၂၂၈ | ၁၆၆ | ၃၉၄ | အမျိုးသားအမျိုးသမီးအခြေခံအရင်းအမြစ်များအားသုံးစွဲထိန်းချုပ်မှုအားဆွေးနွေးခြင်း |
| ၄ | ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းဥပမာပြဇယား (Wealth Ranking) | ၆.၂.၂၀၁၇ | ကျေးရွာသူရွာသားများနှင့်အုပ်ချုပ်ရေးမှူးကော်မတီဝင်များ | ၂၂၈ | ၁၆၆ | ၃၉၄ | ကျေးရွာအတွင်းရှိဥစ္စာဓနပိုင်ဆိုင်မှုအားအဆင့်ခွဲခြင်း |
| ၅ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calender) | ၆.၂.၂၀၁၇ | ကော်မတီဝင်များ(ကျား၊မ)၊တောင်သူလယ်သမား၊လက်လုပ်လက်စား၊ဈေးသည်များ(အမျိုးသား၊အမျိုးသမီး) | ၂၂၈ | ၁၆၆ | ၃၉၄ | ကျေးရွာတွင်ရာသီအလိုက်လုပ်ကိုင်ဆောင်ရွက်နေသောအလုပ်အကိုင်များ၊ဝင်ငွေရရှိမှုမျိုးနှင့်ပွဲတော်များအကြောင်းသုံးသပ်ခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပင့်ကူအိမ်သုံးသပ်ချက်ပြမြေပုံ (Spider Web) | ၆.၂.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ(အမျိုးသား၊ အမျိုးသမီး) | ၂၂၈ | ၁၆၆ | ၃၉၄ | ကျေးရွာအတွင်းရှိအမျိုးသမီးများ၏စွမ်းဆောင်ရည်အပိုင်း၊ ပညာရေး၊အလုပ်အကိုင်၊ခေါင်းဆောင်မှု၊ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့်အလုပ်အကိုင်အခွင့်အလမ်းများအား အမျိုးသား၊အမျိုးသမီးနှိုင်းယှဉ်ဆွေးနွေးခြင်း |
| ၇ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၆.၂.၂၀၁၇ | ကျေးရွာအတွင်းရှိအဖွဲ့အစည်း၊ကျေးရွာသူကျေးရွာသားများ | ၂၂၈ | ၁၆၆ | ၃၉၄ | ကျေးရွာအတွင်းရှိလက်ရှိဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအားဆွေးနွေးခြင်း |
| ၈ | ကျေးရွာ၏လေးနစ်စာဦးစားပေးဖွံ့ဖြိုးရေးအစီအစဉ် (Metric Ranking) | ၈.၂.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ကော်မတီဝင်များ(ကျား-မ)၊ရပ်မိရပ်ဖများ၊ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ | ၂၀၉ | ၁၆၆ | ၃၇၅ | ကျေးရွာအတွက်လိုအပ်နေသောအဆောက်အဦးပိုင်းဆိုင်ရာနှင့်စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေးအတွက်လုပ်ဆောင်ချင်သောလုပ်ငန်းများလုပ်ဆောင်မည့်သူများအားကြိုတင်ဆွေးနွေးခြင်း |
| ၉ | အခက်အခက်ပြဿနာများ (Problem) | ၈.၂.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ကော်မတီဝင်များ၊ရပ်မိရပ်ဖများ | ၂၀၉ | ၁၆၆ | ၃၇၅ | ကျေးရွာလက်ရှိအခြေအနေ၏အခက်အခဲဆုံးပြဿနာအားဦးတည်၍ဆွေးနွေးခြင်း၊ပြဿနာဖြစ်ပွားရခြင်း၏အကြောင်းရင်း၊ဖြစ်ပေါ်နေသည့်အကျိုးဆက်နှင့်မည်သို့ဖြေရှင်းမည်ကိုဆွေးနွေးခြင်း |
| ၁၀ | ကျေးရွာအုပ်စု၏ဖွံ့ဖြိုးရေးအစီအစဉ်ပြဇယား (VTDP) | ၁၃.၂.၂၀၁၇ | ကျေးရွာအုပ်စုကော်မတီဝင်များ | ၁၆ | ၁၂ | ၂၈ | ကျေးရွာအုပ်စုအတွက်ပို၍အရေးကြီးသောလုပ်ငန်းများကိုဦးစားပေးအဆင့်သတ်မှတ်ကာအရင်ဆုံးပြုလုပ်ရန်ဆွေးနွေးခြင်း |

# သဖန်းလေးလုံးကျေးရွာ လူမှုဆိုင်ရာ စစ်ဆေးခြင်း

သဖန်းလေးလုံးကျေးရွာတွင် လူထုပတ်ဝန်းကျင်ဆိုင်ရာ ဆရာကြီး ဆရာမလေးတို့ (၆.၂.၂၀၁၇) ရက်နေ့တွင် သဖန်းလေးလုံး ဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းပြုလုပ်ခဲ့ပါသည်။ ဆရာမလေးတက်ရောက်သော လူဦးရေမှာ အမျိုးသား (၂၈) ယောက်၊ အမျိုးသမီး (၁၆) ယောက် စုစုပေါင်း လူဦးရေ (၄၄) ယောက် တက်ရောက်ခဲ့ပြီး မိမိတို့ မိတ်ဆက်ခြင်း၊ အိမ်ထောင်ရေး ရှင်းလင်းခြင်းနှင့် လူမှုဆိုင်ရာ စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

သဖန်းလေးလုံးကျေးရွာသည် ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် ကိုးကွယ်မှု အသက်မွေးဝမ်းကြောင်းပြုသည်။ ချမ်းသာသော အိမ်ထောင်စုများ၊ ဝင်ငွေအသင့်အတင့်ရှိသော အိမ်ထောင်စုများ ဝင်ငွေနည်းသော အိမ်ထောင်စုများ နှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ရွာအတွင်း ရောနှောနေထိုင်ကြသည်။ ဝင်ငွေများသော အိမ်ထောင်စု ရာခိုင်နှုန်းမှာ (၅.၈၇%) ရှိပြီး ဝင်ငွေအသင့်အတင့်ရှိသော အိမ်ထောင်စုများမှာ (၁၂.၉၉%) ဝင်ငွေနည်းသော အိမ်ထောင်စုများမှာ (၈၁.၁၄%) ရှိပါသည်။ ကျေးရွာရှိ အခြေခံ အဆောက်အအုံများကို အမျိုးသား အများစုက ဦးဆောင်မှုရှိပြီး အမျိုးသမီးများမှာ ဦးဆောင်မှုနည်းသည်ကို တွေ့ရှိရသည်။ အမျိုးသမီးများ၏ အသက်မွေးဝမ်းကြောင်းမှာ အရောင်းအဝယ်နှင့် ကိုးကွယ်မှု ပြုလုပ်ကြသည်။ အမျိုးသားများနှင့် တန်းတူ ဝင်ငွေမရရှိနိုင်ပါ။ အမျိုးသမီးများအတွက် အားလပ်ချိန်တွင် ဝင်ငွေရလုပ်ငန်းများ ဖော်ဆောင်ပေးခြင်း၊ အမျိုးသားများမှ တာဝန်ခွဲဝေမှုနှင့် ကျား-မ ရေးရာ သိမြင်လာစေရန် ပြောပြဆွေးနွေးခြင်း၊ လုပ်အားခများ တန်းတူရရှိလာရန် ဖွံ့ဖြိုးရေးလုပ်ငန်းများ အားတူညီမျှ ရှိသော တူညီမှုရှိကြောင်း ပြောပြဆွေးနွေးပါသည်။ အမျိုးသမီးများ၏ ဝင်ငွေရရှိမှု ဦးဆောင်မှုများသည် အမျိုးသားများထက် အားနည်းနေသည်ကို တွေ့ရသည်။ အကြောင်းမှာ ဓလေ့ထုံးတမ်းများ၌ အချိန်ကုန်နေခြင်းကြောင့် အဖွဲ့အစည်းများတွင် ပါဝင်နိုင်ခြင်း ဝင်ငွေရရှိသော လုပ်ငန်းများ မရရှိခြင်းကြောင့် ဖြစ်သည်။ အမျိုးသမီး ခေါင်းဆောင်လောင်းဖြစ်စေရန် အသိပညာပေးပွဲများ၊ လုပ်အားခနှင့် ရပိုင်ခွင့်များကို တန်းတူပေးခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား ထက်ကြွစွာ ပါဝင်လာခြင်းဖြင့် ကူညီနိုင်သည်။

သဖန်းလေးလုံးကျေးရွာ အတွင်းတွင် ရပ်ကွက်မှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့များသည် ရွာ၏ သာရေး နာရေး၊ ဘာသာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိက ပါဝင်ဆောင်ရွက်သည်။ ကျောင်းကော်မတီ၊ အမျိုးသား ကာလသားအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာနှင့် ငွေစုငွေချေး အဖွဲ့များသည် တာဝန်အသီးသီး ဆောင်ရွက်ကြသည်။ ရဲစခန်း၊ မြို့နယ်ကျေးရွာဦး၊ ကျေးလက် ဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ သမဝါယမ အသင်းအဖွဲ့၊ မြို့နယ်ပညာရေးမှူးရုံး၊ စိုက်ပျိုးရေးရုံး တို့နှင့် အုပ်ချုပ်ရေးမှူးသည် ချိတ်ဆက်၍ ရပ်ရွာ တည်ငြိမ်အေးချမ်းရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်

တောင်သူချေးငွေများ ရရှိရေးအတွက် အကက်ပါ ဌာန အသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်သည်။ အုပ်ချုပ်ရေးမှူးမှတဆင့် ရာအိမ်မှူးသို့ အကြောင်းကိစ္စ အမျိုးမျိုး ရှိပါက ချိတ်ဆက်ပြီး ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့်
တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ။

ကျေးရွာ၏ လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ ( Wealth Ranking )

| အဆင့် | အခြေခံစံနှုန်းများ / ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | အိုးအိမ်ကောင်း၊ လယ်ယာဆယ်ဧကအထက်ရှိ၊ လယ်ယာသုံး စက်ကရိယာရှိ၊ ကျွဲနွားရှိ၊ ကား၊ ဆိုင်ကယ်ရှိ၊ တီဗီ၊ ရေခဲသေတ္တာရှိ | ၂၈ | ၅.၈၇% |
| အလယ်အလတ် | လယ်ယာအနည်းငယ်ရှိ၊ ကျွဲနွားရှိ၊ ဆိုင်ကယ်၊တီဗီ၊ ဖုန်းရှိ | ၆၂ | ၁၂.၉၉% |
| နွမ်းပါး | သက်ကယ်မိုး၊ ထရံကာ၊တီဗီ၊ ရေဒီယိုရှိ | ၃၈၇ | ၈၁.၁၄ |
| စုစုပေါင်း | | ၄၇၇ | ၁၀၀% |

**ဥစ္စာစနေ အင်အားပြဇယား သုံးသပ်ချက်**

- လယ်မြေယာမြေမရှိ၊ လက်လုပ်လက်စားများ၊ အလုပ်ရှိမှ လုပ်ရတဲ့အတွက် ပုံမှန်ဝင်ငွေ မရှိပါ။ ပညာရေးကို အားပေးသော်လည်း သားသမီးများအား ကျောင်းထားနိုင်ရန်ရေး ပံ့ပိုးနိုင်မှုအားနည်းပါသည်။


- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ရမည်ဆိုလျှင် အလုပ်အကိုင်ရနိုင်မည်။ ဝင်ငွေများလည်း ရနိုင်မည်။

- ဝင်ငွေနည်းပါသူများ၏ အားလပ်ချိန်ကာလကို စောင့်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်မည်ဆိုလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်မည်။

ကူညီပံ့ပိုးသူ - ဒေါ်နန္ဒာစိုးဦး
ပါဝင်ဆွေးနွေးသူ - ကျား(၂၁)၊ မ (၂၉)

ရာသီခွင်ပြ ပြက္ခဒိန်




**ရာသီစွင်ပြ ပြက္ခဒိန်နှင့် သုံးသပ်ခြင်း**

- အဓိကအားဖြင့် အသက်မွေးဝမ်းကြောင်းအတွက် စိုက်ပျိုးရေးအဖြစ် စပါးနှင့် မတ်ပဲများ စိုက်ပျိုးကြသည်။
- လယ်မြေစိုက်ပျိုးသော အိမ်ထောင်စုမှာ ၁၄၀ ရှိပြီး ယာမြေစိုက်ပျိုးသော အိမ်ထောင်စုမှာ ၅၀ ရှိသည်။လက်လုပ်လက်စား အိမ်ထောင်စုအရေအတွက်မှာ ၂၃၀ ရှိပါသည်။
- ၁နှစ်ပါတ်လုံး ဝင်ငွေသည် ထွက်ငွေနှင့် မမျှပါ။
- လုပ်ငန်း တစ်ခုစီ၏ ပျမ်းမျှဝင်ငွေမှာ ကျား ၄၀၀၀၊ မ ၃၀၀၀ ကျပ်သာရရှိပါသည်။
- အသက်မွေးဝမ်းကြောင်းနှင့် အဓိကဆက်စပ်နေသောပြဿနာမှာ ရာသီဥတု မမျှတ (ဥပမာ- မိုးခေါင်၊ရေရှား)လျှင် စားဝတ်နေရေးအတွက် အခက်အခဲများရှိပါသည်။
- ကျန်းမာရေးပြဿနာများအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားခြင်းများ ရှိပါသည်။
- တပို့တွဲ၊ တန်ခူး၊ ကဆုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ ဝါခေါင်လ များတွင် ပွဲတော်များ ပြုလုပ်ကျင်းပကြပါသည်။
- စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်မှု မရှိသည့် တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် အစာရေစာမလုံလောက်ခြင်း ပြဿနာများ တွေ့ကြုံရင်ဆိုင်ရလေ့ ရှိပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၅) ဦး၊ မ (၂၀)ဦး

မှတ်တမ်းတင်သူ - ဒေါ်နန္ဒာစိုးဦး

**ကျေးရွာလူမှုရေး အရင်းအမြစ်ပြမြေပုံ**



**ကျေးရွာလူမှုရေးအရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်**

- လယ်မြေယာမြေများအား မှီခိုစိုက်ပျိုး၍ အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

- စိုက်ပျိုးရေးမှာ စပါး၊ မတ်ပဲသာမက ပန်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရောင်းချကြပါသည်။

- သောက်သုံးရေ ဖူလုံမှုရှိပါသည်။

- ကျေးရွာ၏ အဓိကကျသော နေရာများတွင် ဝင်ငွေများသော အိမ်ထောင်စုများ နေထိုင်ကြပြီး ရွာစွန်တွင် ဝင်ငွေနည်းပါးသူများ နေထိုင်ကြပါသည်။

- အများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ အခြားဒေသများသို့ ရွှေ့ပြောင်းလုပ်ကိုင်သော ရွာသူ၊ ရွာသားများလည်း ရှိပါသည်။


- လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ဆိုင်ကယ်အငှားလိုက်ခြင်း လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် နေထိုင်စားသောက်ခြင်းများလည်း ရှိပါသည်။


- မြို့နှင့် နီးသောကြောင့် သွားရေးလာရေး လွယ်ကူပြီး ရောင်းဝယ်ရေး လုပ်ငန်းများ အဆင်ပြေ ကောင်းမွန်ခြင်းများ ရှိပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၁၈) ဦး၊ မ (၂၂)ဦး

မှတ်တမ်းတင်သူ - ဒေါ်နန္ဒာစိုးဦး

အဖွဲ့အစည်းချိတ်ဆက်မှုပြ ဇယား




အဖွဲ့အစည်းချိတ်ဆက်မှု ( ကျေးရွာအတွင်း )
ဗင်းပုံစံ
သစ်လေးလုံးကျေးရွာ
မြို့နယ် အုပ်ချုပ်ရေး
ရဲ တပ်ဖွဲ့
မြို့နယ် ကျန်းမာရေး
ကျန်းမာ ရေး
အုပ်ချုပ်ရေး
ကျောင်း ကော်မတီ
လူမှုရေး အဖွဲ့
ပရဟိတ အဖွဲ့

## အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုပြ ဇယား သုံးသပ်ချက်

သစ်လေးလုံးကျေးရွာတွင် ရှိသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးအဖွဲ့၊ လူမှုရေးအသင်း၊ အမျိုးသမီးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ သာရေးနာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ပရဟိတ အဖွဲ့များ ရှိပါသည်။

ကျောင်းကော်မတီ၊ ကျန်းမာရေးအဖွဲ့များတွင် အမျိုးသားနှင့် အမျိုးသမီး ပူးပေါင်း ပါဝင်ကြသည်။

အုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ မြို့နယ်ပညာရေးမှူးရုံး၊ စိုက်ပျိုးရေးဘဏ်၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်စာနယ်ဇင်းရုံးများကို ဆက်သွယ် ဆောင်ရွက်လျှက်ရှိပါသည်။


ပညာရေးနှင့် ပါတ်သတ်၍ မြို့နယ် ပညာရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်လျှက် ရှိပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၃၀) ဦး၊ မ (၂၀)ဦး


မှတ်တမ်းတင်သူ - ဒေါ်နန္ဒာစိုးဦး

## ပင့်ကူအိမ်ကွန်ယက်


### အမျိုးသား ပင့်ကူအိမ်သုံးသပ်ချက်




# အမျိုးသမီး ပင့်ကူအိမ်သုံးသပ်ချက်



# အမျိုးသား၊ အမျိုးသမီး ပင့်ကူအိမ်သုံးသပ်ချက်



အမျိုးသား အမျိုးသမီး ပင့်ကူအိမ် သုံးသပ်ခြင်း




ကူညီပံ့ပိုးသူ - ဒေါ်နန္ဒာစိုးဦး

ပါဝင်ဆွေးနွေးသူ - ကျား(၂၁) ၊ မ (၂၉)

**သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား**

**သုံးစွဲမှု**

| အမျိုးသား | အမျိုးသမီး | အမျိုးသား၊ အမျိုးသမီး |
|---|---|---|
| လယ်/ယာ<br>ကား/ဆိုင်ကယ်<br>ဘောလုံးကွင်း | ရေတွင်း/ ရေကန် | ကျောင်း<br>ဆေးခန်း |

**ထိန်းချုပ်မှု**

| အမျိုးသား | အမျိုးသမီး | အမျိုးသား၊ အမျိုးသမီး |
|---|---|---|
| လယ်ယာသုံးစက်<br>ကျွဲ၊ နွား<br>ဘောလုံးကွင်း<br>ဆိုင်ကယ်<br>လမ်း<br>ကား | အပ်ချုပ်စက် | - |

ပါဝင်ဆွေးနွေးသူ

ကျေးရွာလူထု ကျား - ၁၄

မ - ၁၉

မှတ်တမ်းတင်သူ

ဒေါ်နန္ဒာစိုးဦး

**သုံးစွဲမှုနှင့် ထိန်းချုပ်မှု ဇယား နှင့် သုံးသပ်ချက်**

သစ်လေးလုံးကျေးရွာတွင် ကျွဲ၊ နွား၊ ထွန်စက်၊ ကားများကို အမျိုးသားများ အများဆုံးအသုံးပြု၍ အမျိုးသားများ ကိုယ်တိုင်ပြုပြင်ထိန်းသိမ်းပါသည်။ အပ်ချုပ်စက်ကို အမျိုးသမီးများက အဓိက အသုံးပြုကြပြီး ပျက်စီးပါက အမျိုးသားများက ပြုပြင်ပေးပါသည်။ ရေတွင်းကို အမျိုးသား၊ အမျိုးသမီး အတူတူသုံးစွဲပြီး ပျက်စီးပါက အမျိုးသားများက ပြုပြင်ပေးပါသည်။ ဘုန်းကြီးကျောင်း၊ ပရဟိတကျောင်း၊ သီလရှင်ကျောင်း၊ အထက်တန်းကျောင်း၊ စာကြည့်တိုက်၊ ဆေးခန်း၊ လမ်း၊ သုသာန်၊ လယ်ယာ၊ ဘောလုံးကွင်း များကို အမျိုးသား၊ အမျိုးသမီး အတူတူသုံးစွဲပြီး အတူတူပြုပြင်ကြပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၁၄) ဦး၊ မ (၁၉)ဦး

မှတ်တမ်းတင်သူ - ဒေါ်နန္ဒာစိုးဦး

## အမျိုးသား/ အမျိုးသမီး တင်ပြသော အခက်အခဲ ပြဿနာများ

**သစ်လေးလုံးကျေးရွာ　　　　သစ်လေးလုံးအုပ်စု　　　　ရက်စွဲ -၈.၂.၂၀၁၇**

အမျိုးသားများ တင်ပြသော အခက်အခဲ ပြဿနာများ

၁။ မိုးရာသီ သွားလာရခက်ခဲခြင်း။

၂။ လမ်းဘေး ရေမြောင်းများ မိုးရာသီတွင် ရေလျှံခြင်း

၃။ ကလေးငယ်များ မူကြိုတက်ရန် ခက်ခဲခြင်း

၄။ ကျေးရွာဘောလုံးကွင်း ပျက်စီးယိုယွင်းနေသဖြင့် လူငယ်များ အားကစားပြုလုပ်ရန် ခက်ခဲခြင်း။

၅။ ကျေးရွာတွင် အစည်းအဝေး ပြုလုပ်ရန် နေရာခက်ခဲခြင်း။

၆။ စာပေဗဟုသုတတိုးပွားရန် စာကြည့်တိုက်တွင် စာပေ အမျိုးအစားများ ပြည့်စုံ လုံလောက်မှုမရှိခြင်း။

၇။ ကျေးလက်ဆေးရုံလိုအပ်ပြီး ဆေးပစ္စည်းများ လုံလောက်မှုမရှိခြင်း။

၈။ ရွာတွင် မီးဘေးအန္တရာယ် လုံခြုံမှုမရှိခြင်း။

၉။ ဝင်ငွေနည်းသော အိမ်ထောင်စုများ မီးရရှိရန် ခက်ခဲခြင်း။

၁၀။ ကျန်းမာရေးအတွက် သောက်ရေသန့် ရရှိရန် ခက်ခဲခြင်။

အမျိုးသမီးများ တင်ပြသော အခက်အခဲ ပြဿနာများ

၁။ မိုးရာသီသွားလာရခက်ခဲခြင်း။

၂။ စာသင်ကျောင်း ခြံစည်းရိုး ပျက်စီးယိုယွင်းနေပါသဖြင့် ကလေးများ လုံခြုံမှုမရှိခြင်း။

၃။ သောက်ရေသန့်ရရှိမှုနည်းသဖြင့် ကျန်းမာရေး အတွက်  ထိခိုက်နိုင်မှုများရှိခြင်း။

၄။ ဝင်ငွေနည်းပါးသော အိမ်ထောင်စုများ မီးရရှိရန် ခက်ခဲခြင်း။

၅။ နိဗ္ဗာန်ယာဉ်မရှိသဖြင့် နာရေးကိစ္စများ စီစဉ်ဆောင်ရွက်မှု ခက်ခဲခြင်း။

၆။ ဈေးမရှိသဖြင့် အစားအသောက် ၊ ဟင်းချက်စရာများ ဝယ်ယူရန် ခက်ခဲခြင်း။

၇။ ကွန်ပျူတာသင်တန်းများ မရှိသဖြင့် ရပ်ဝေးသို့ သွားရောက်သင်ယူရသဖြင့် ခက်ခဲခြင်း။

၈။ မီးသတ်ယာဉ်မရှိသဖြင့် မီးဘေးအန္တရာယ်များအား စိုးရိမ်ထိတ်လန့်နေရခြင်း။

**မှတ်တမ်းတင်သူ**

**ဒေါ်နန္ဒာစိုးဦး**

## အမျိုးသား/ အမျိုးသမီး တင်ပြသော မျှော်မှန်းချက်များ

**သစ်လေးလုံးကျေးရွာ　　သစ်လေးလုံးအုပ်စု　　ရက်စွဲ -၈.၂.၂၀၁၇**

**အမျိုးသားများ တင်ပြသော မျှော်မှန်းချက်များ**

၁။ ရွာတွင်းလမ်းများအား သွားလာရလွယ်ကူစေရန်
၂။ ရေမြောင်းများ ဖောက်လုပ်ပေးရန် (ရေဝပ်သော အိမ်များအတွက်)
၃။ မူကြိုကျောင်း ဆောက်လုပ်ပေးရန်
၄။ ဘောလုံးကွင်း ပြုပြင်ပေးရန်
၅။ အစည်းအဝေးခန်းမ ဆောက်လုပ်ပေးရန်
၆။ ကျေးရွာလူထု အသိပညာ၊ ဗဟုသုတများ မြင့်မားလာစေရန် အတွက်
စာကြည့်တိုက်ဆောက်လုပ်ပေးရန်
၇။ ကျန်းမာရေးလက်လှမ်းမှီစေရန်
၈။ မီးဘေးအန္တရာယ် ကင်းဝေးစေရန်
၉။ အိမ်တိုင်းစေ့ မီးလင်းစေရန်
၁၀။ သောက်ရေသန့် ရရှိစေရန်

**အမျိုးသမီးများ တင်ပြသော မျှော်မှန်းချက်များ**

၁။ မိုးရာသီတွင် သွားလာရ လွယ်ကူစေရန်
၂။ ကျောင်းခြံစည်းရိုး ပြုပြင်ပေးရန်
၃။ ကျန်းမာရေး လက်လှမ်းမှီစေရန်
၄။ အိမ်တိုင်းစေ့ မီးလင်းစေရန် (အိမ်တိုင်းမီးရရှိပါက ကလေးများ စာကြည့်ရာတွင်
အဆင်ပြေလာမည်)
၅။ ဈေးဆောက်လုပ်ပေးနိုင်ရန်
၆။ ကွန်ပျူတာသင်တန်း ဖွင့်လှစ်ပေးရန်

**မှတ်တမ်းတင်သူ**

**ဒေါ်နန္ဒာစိုးဦး**

ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ







# ကျေးရွာအချက်အလက် (ပုံစံ -၁)

သစ်လေးလုံး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာ ခေါင်းဆောင် အမည် ဦး မြင့်ကျော် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-420747165 | လူထုစည်းရုံးရေးမှူး၏ အမည် မနှင်းဖြူဖိုး |
| ပြည်နယ်၊တိုင်းဒေသကြီး နေပြည်တော် | မြို့နယ် ပျဉ်းမနား၊ | ကျေးရွာအုပ်စု သစ်လေးလုံးကျေးရွာ သစ်လေးလုံး |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၄၇၇ | ဘာသာ (၁) ဗုဒ္ဓ------ | ၄၇၇ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ ------------- | | ဘာသာရေ ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား ၆၇ မ ၁၁၄ ပေါင်း ၁၈၁ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၂၁ | ၁၀၀၆ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ပေါင်း-၄၇၇ | |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐✓ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐✓ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐✓ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐✓ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐✓ | ☐✓ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐✓ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐✓ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐✓ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း ✓ | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? (၆)ဖာလုံ မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။ 10 [illegible]

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။( မရှိပါ။ )

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ..........................................

**(ဂ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုပေါ်ပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာလူမှုအသင်းကော်မတီအဖွဲ့

(၂) ကျေးရွာပရဟိတအဖွဲ့

(၃) ကျေးရွာမီးသင်ရေးကော်မတီအဖွဲ့

(၄) အ.ထ.က ကျောင်းကော်မတီအဖွဲ့

(၅) မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့

(၆) အမျိုးသမီးရေးရာ ကော်မတီအဖွဲ့

ကျေးရွာခေါင်းဆောင် အမည် ဦးမြင့်ဖေ

လက်မှတ် [signature] နေ့စွဲ ၅-၂-၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်လှလှကျိုးဦး

လက်မှတ် [signature] နေ့စွဲ ၆.၂.၂၀၁၇

## စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ -၂)

သစ်ပေးကုံး

### ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - မနန္ဒာဝိုင်းဦး | | | |
| နေ့စွဲ ၆.၂.၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း - ဧရာဝတီ | မြို့နယ် - ကျိုက်လတ် | ကျေးရွာအုပ်စု – သစ်ပေးကုံး | ကျေးရွာ - သစ်ပေးကုံး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် | လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၆.၂.၁၇ | ၆.၂.၁၇ | ၂၂၈ | ၁၆၆ | ၄၇၇ | ၃၉၄ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၈.၂.၁၇ | ၈.၂.၁၇ | ၂၀၉ | ၁၆၆ | ၄၇၇ | ၃၇၅ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၃.၂.၁၇ | ၁၃.၂.၁၇ | ၆ | ၅ | ၁၄ | ၁၄ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၇.၂.၁၇ | ၂၇.၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၄.၃.၁၇ | ၂၄.၃.၁၇ | ၂၆ | ၁၄ | ၄၇၇ | ၄၀ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၈.၅.၁၇ | ၁၈.၅.၁၇ | ၄ | ၄ | ၈ | ၈ | ဗမာ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၆.၆.၁၇ | ၆.၆.၁၇ | ၁၂၅ | ၁၂၀ | ၄၇၇ | ၂၄၅ | ဗမာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၃.၆.၁၇ | ၃.၆.၁၇ | ၁ | ၁ | ၂ | ၂ | ဗမာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၄.၆.၁၇ | ၄.၆.၁၇ | ၃ | ၀ | ၃ | ၃ | ဗမာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၆.၆.၁၇ | ၆.၆.၁၇ | ၁၂၅ | ၁၂၀ | ၄၇၇ | ၂၄၅ | ဗမာ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

# ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ်များ ( ပုံစံ - ၃)

သစ်ဖေးပုံ

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

***လမ်းညွှန်ချက်*။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - [illegible]

နေ့စွဲ ၈.၂.၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄)

ပြည်နယ်/တိုင်း - နေပြည်တော် | မြို့နယ် - ပျဉ်းမနား | ကျေးရွာအုပ်စု - သစ်ဖေးပုံ | ကျေးရွာ - သစ်ဖေးပုံ

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီသွားလာရေးခက်ခဲ | ၁ | မိုးရာသီသွားလာရေးခက်ခဲ |
| ၂ | မိုးတွင်း ရေမြောင်း/လမ်း ပျက်စီးခြင်း | ၂ | ရေကောင်းရေသန့် ရရှိရန်ခက်ခဲ |
| ၃ | ကလေးငယ်များ မူကြိုတက်ရန်ခက်ခဲ | ၃ | သာရေးနာရေး အတွက်ခက်ခဲ |
| ၄ | လူငယ်များ အားကစားပြုလုပ်ရန် ဘောလုံးကွင်း မရှိခြင်း | ၄ | ဈေး ဝယ်ရန် ခက်ခဲ |
| ၅ | အစည်းအဝေးပြုလုပ်ရန် နေရာခက်ခဲ | ၅ | ဓာတ်မီး၊ ရေ မပြေလည်ခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၁ | ပညာရေး လက်လှမ်းမီရန် |
| ၂ | ပညာရေး လက်လှမ်းမီရန် | ၂ | ကျန်းမာ[illegible] |
| ၃ | အားကစားကွင်း အဆင့်မြှင့်တင်ခြင်း | ၃ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာစေရန် |
| ၄ | အသိပညာ၊ ဗဟုသုတများ မြင့်မားလာစေရန် | ၄ | ကလေးများ မူကြိုမှ ရှိစေရန် |
| ၅ | အိမ်ထောင်စုစီးပွား ကောင်းစေရန် | ၅ | ကျန်းမာရေး လက်လှမ်းမီစေရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေတွင်းလမ်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | 21120000 | 1927 |
| ၂ | လမ်းဘေး ရေမြောင်း | အမျိုးသား + အမျိုးသမီး | 59000000 | 1927 |
| ၃ | မူကြိုကျောင်းဆောက်လုပ်ခြင်း | အမျိုးသား + အမျိုးသမီး | 13500000 | 1927 |
| ၄ | ဘောလုံးကွင်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | 21000000 | 1927 |
| ၅ | လူထုခန်းမ ဆောက်လုပ်ခြင်း | အမျိုးသား + အမျိုးသမီး | 20000000 | 1927 |

**ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | ပိုးသတ်ဆေး | အမျိုးသား | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင် ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦး မြင့် ဇော်--------- လက်မှတ် ---------------------------- နေ့စွဲ---၈ . ၂ . ၁၇---------

သာစလေးလုံးကျေးရွာ

## ပုံစံ – စ – ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

၁။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| အမှတ် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး ) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၆ | ခေတ်မှီစာကြည့်တိုက် တိုးချဲ့ခြင်း | အမျိုးသား | 7200000 | 1927 |
| ၇ | တိုက်နယ်ဆေးရုံတည်ဆောက်ခြင်း (ကုတင် ၁၀ ဆံ့ ) | အမျိုးသား+အမျိုးသမီး | 375000000 | 1927 |
| ၈ | လျှပ်စစ်မီး ( တိုင်နှင့်ကြိုး ) | အမျိုးသမီး | 500000 | 1927 |
| ၉ | စာသင်ကျောင်းခြံစည်းရိုး | အမျိုးသမီး | 20000000 | 1927 |
| ၁၀ | သောက်ရေသန့်ကန် တည်ဆောက်ခြင်း | အမျိုးသား+ အမျိုးသမီး | 2500000 | 1927 |

# ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ -၄)

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ငြိမ်းစိုးဦး | | | |
| နေ့စွဲ - 28. 2. 17 | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း နေပြည်တော် | မြို့နယ် ပျဉ်းမနား | ကျေးရွာအုပ်စု သစ်ခြလေးလုံး | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| သစ်ခြလေးလုံး | ကျောက်လမ်း (ကျောက်ခင်းလမ်း) | ၆၄၄၀'-၀" | 1944-ယောက် | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 211.2 သိန်း | | | | 211.2 သိန်း |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် လက်မှတ် ရက်စွဲ

ဦးဇော်တိုးအောင် [signature] ၂၈.၂.၂၀၁၇

## အစည်းအဝေးမှတ်တမ်းများ

ရက်စွဲ - ၆ ၊ ၂ ၊ ၁၇

အကြောင်းအရာ ။ ။ အစည်းအဝေး ကျင်းပခြင်း

ပျဉ်းမနားမြို့နယ် သမိန်ထောလုံး အရှေ့သမိန်ထောလုံး ကျေးရွာတွင် ပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း ပထမ နှစ်ပတ်လည် ကျေးရွာလုံးကျွတ် အစည်းအဝေးကို ၆ . ၂ . ၁၇ နှင့် ၈ . ၂ . ၁၇ ရက်နေ့တို့ ကျင်းပပြုလုပ်ခဲ့ပါသည်။ ပထမ အကြိမ် အစည်းအဝေးတွင် တက်ရောက်ခဲ့သော အိမ်ထောင်စုများမှာ ကျား - ၂၂၈ / မ - ၁၆၆ စုစုပေါင်း (၃၉၄) အိမ်ထောင်စု တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် စီမံကိန်းဖိတ်ခေါ်ခြင်း ဆောင်ရန် ကော်မတီ ရွေးချယ်ခြင်းနှင့် ယူမှုဆိုင်ရာ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဒုတိယ အကြိမ် အစည်းအဝေးတွင် ကျား - ၂၀၉ / မ - ၁၆၆ စုစုပေါင်း (၃၇၅) အိမ်ထောင်စု တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို မဲဖြင့်ရွေးချယ်ခဲ့ခြင်း၊ ကော်မတီဝင်များကိုလည်း မဲဖြင့်ရွေးချယ်ခဲ့ပါသည်။

လက်မှတ် - [signature]

အမည် - ဦးဝင်းမြင့်

ရာထူး - ဥက္ကဋ္ဌ

ကျေးရွာ - သမိန်ထောလုံး

# အုပ်စုရန်ပုံငွေ ခွဲဝေခြင်း မှတ်တမ်း

၁၃. ၂. ၂၀၁၇

အကြောင်းအရာ။ ။ အုပ်စုရန်ပုံငွေ ခွဲဝေခြင်း ။

သစ်လေးလုံးအုပ်စု ရန်ပုံငွေ ခွဲဝေခြင်းကို သစ်လေးလုံး အနောက် ဘုန်းတော်ကြီးကျောင်းတွင် နေ့လည် ၁၁:၀၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အုပ်စုကော်မတီ အဖွဲ့ဝင်များ၏ သဘောတူညီချက်အရ လုပ်ငန်းလိုအပ်ချက်အတိုင်း ရန်ပုံငွေ ခွဲဝေ သတ်မှတ်ခဲ့ကြပါသည်။ လုပ်ငန်းလိုအပ်ချက်များမှာ -

၁။ သစ်လေးလုံး ရိုတာလမ်း + ရေမြောင်း ( ၂၁၁၂၀၀၀၀ ကျပ် )

၂။ ပုရွက်ဆိတ်ကုန်း ရိုတာလမ်း + ရေမြောင်း ( ၂၁၁၂၀၀၀၀ ကျပ် )

အထက်ပါလုပ်ငန်းနှင့် ရန်ပုံငွေခွဲဝေမှုအား သစ်လေးလုံးကျေးရွာအုပ်စု သစ်လေးလုံး ကျေးရွာနှင့် ပုရွက်ဆိတ်ကုန်း ကျေးရွာများမှ သဘောတူညီပါသည်။

| | | | |
|---|---|---|---|
| သစ်လေးလုံး: | စီ / ကော် ဥက္ကဋ္ဌ | ဦးမြင့်ဆော် | |
| | | ဒေါ်ပပကျိုင် | |
| ပုရွက်ဆိတ်ကုန်း: | စီ / ကော်ဥက္ကဋ္ဌ | ဦးဇော်တူးအောင် | |
| | | ဒေါ်စုစုမော | |

သစ်လေးလုံးကျေးရွာအုပ်စု အစည်းအဝေးမှတ်တမ်း

သစ်လေးလုံးကျေးရွာအုပ်စု အစည်းအဝေးကို (၁၃.၂.၂၀၁၇) ရက်နေ့ နေ့လည် (၁၁:၀၀) နာရီ တွင် သစ်လေးလုံးကျေးရွာ အနောက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူးများမှ အစည်းအဝေးကျင်းပရခြင်း အကြောင်းအရင်းများကို ရှင်းပြခဲ့ပြီး အုပ်စုကော်မတီဝင်များကို မဲဆန္ဒဖြင့် အောက်ပါအတိုင်း ရွေးချယ်ခဲ့ပါသည်။

အုပ်စုဗိ / တောက်ဥက္ကဋ္ဌ - ဦးဇော်ထူးအောင် (ပုရွက်ဆိတ်ကုန်း)

- ဒေါ်ပပလှိုင် (သစ်လေးလုံး)

ပညာရေးဆယ်ကော်မတီ ဥက္ကဋ္ဌ - ဦးမြင့်ဇော် (သစ်လေးလုံး)

အုပ်စုငွေစာရင်းကိုင် - ဦးစိုးလှိုင် (သစ်လေးလုံး)

ပညာရေး အဖွဲ့ဝင် - ဒေါ်စုစုမာ (ပုရွက်ဆိတ်ကုန်း)

အုပ်စု အဖွဲ့ဝင် - ဦးကျော်မင်း (ပုရွက်ဆိတ်ကုန်း)

ဝေဖန် အကြံပြုတိုင်ကြားချက် ဖြေရှင်းရေး (ဥက္ကဋ္ဌ) - ဦးသက်ထူး (ပုရွက်ဆိတ်ကုန်း)

ဝေဖန် အကြံပြု တိုင်ကြားချက် ဖြေရှင်းရေး (အတွင်းရေးမှူး) - ဦးစိုးမြင့်သိန်း (သစ်လေးလုံး)

ဝေဖန် အကြံပြု တိုင်ကြားချက် ဖြေရှင်းရေး (အဖွဲ့ဝင် - ၁) - ဒေါ်ငွေငွေမြင့် (ပုရွက်ဆိတ်ကုန်း)

ဝေဖန် အကြံပြု တိုင်ကြားချက် ဖြေရှင်းရေး (အဖွဲ့ဝင် - ၂) - ဒေါ်ဝင်းဇော် (သစ်လေးလုံး)

**သစ်လေးလုံး ကျေးရွာ အမျိုးသား၊ အမျိုးသမီးများ ဦးစားပေး ရွေးချယ်ထားသော ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ဦးစားပေး အစီအစဉ်ပြဇယား**

**အမျိုးသား/ အမျိုးသမီး တင်ပြသော ဖွံ့ဖြိုးရေး လုပ်ငန်းများ**

**သစ်လေးလုံးကျေးရွာ သစ်လေးလုံးအုပ်စု ရက်စွဲ -၈.၂.၂၀၁၇**

**အမျိုးသားများ တင်ပြသော ဖွံ့ဖြိုးရေး လုပ်ငန်းများ**

၁။ ရွာတွင်းလမ်းပြုပြင်ခြင်း
၂။ လမ်းဘေးရေမြောင်း ပြုပြင်ခြင်း
၃။ မူကြိုကျောင်း ဆောက်လုပ်ခြင်း
၄။ ဘောလုံးကွင်း ပြုပြင်ခြင်း
၅။ လူထုခန်းမ ဆောက်လုပ်ခြင်း
၆။ ခေတ်မှီစာကြည့်တိုက် တိုးချဲ့ခြင်း
၇။ တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း(ကုတင် ၂၀ ဆန့်)
၈။ သောက်ရေသန့်ကန် တည်ဆောက်ခြင်း
၉။ မီးသတ်စခန်း တည်ဆောက်ခြင်း

**အမျိုးသမီးများ တင်ပြသော ဖွံ့ဖြိုးရေး လုပ်ငန်းများ**

၁။ ရွာတွင်းလမ်းပြုပြင်ခြင်း
၂။ လမ်းဘေးရေမြောင်း ပြုပြင်ခြင်း
၃။ မူကြိုကျောင်း ဆောက်လုပ်ခြင်း
၄။ ဘောလုံးကွင်း ပြုပြင်ခြင်း
၅။ လူထုခန်းမ ဆောက်လုပ်ခြင်း
၆။ ခေတ်မှီစာကြည့်တိုက် တိုးချဲ့ခြင်း
၇။ တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း(ကုတင် ၂၀ ဆန့်)
၈။ သောက်ရေသန့်ကန် တည်ဆောက်ခြင်း
၉။ လျှပ်စစ်မီး၊ တိုင်နှင့် ကြိုးသွယ်တန်းခြင်း
၁၀။ စာသင်ကျောင်းခြံစည်းရိုးခတ်ခြင်း

**မှတ်တမ်းတင်သူ**

**ဒေါ်နန္ဒာစိုးဦး**

## ကျေးရွာ၏ ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များ

**သစ်လေးလုံးကျေးရွာ** **သစ်လေးလုံးအုပ်စု** **ရက်စွဲ -၈.၂.၂၀၁၇**

| | |
|---|---|
| ၁။ ရွာတွင်းလမ်းပြုပြင်ခြင်း | (၁၁၀၇ မဲ) |
| ၂။ လမ်းဘေးရေမြောင်း ပြုပြင်ခြင်း | (၈၄၆ မဲ) |
| ၃။ မူကြိုကျောင်း ဆောက်လုပ်ခြင်း | (၅၃၈ မဲ) |
| ၄။ ဘောလုံးကွင်း ပြုပြင်ခြင်း | (၄၂၇ မဲ) |
| ၅။ လူထုခန်းမ ဆောက်လုပ်ခြင်း | (၃၁၄ မဲ) |
| ၆။ ခေတ်မှီစာကြည့်တိုက် တိုးချဲ့ခြင်း | (၂၁၂မဲ) |
| ၇။ တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း(ကုတင် ၂၀ ဆန့်) | (၁၂၆ မဲ) |
| ၈။ မီးသတ်စခန်း တည်ဆောက်ခြင်း | (၆၃ မဲ) |
| ၉။ လျှပ်စစ်မီး၊ တိုင်နှင့် ကြိုးသွယ်တန်းခြင်း | (၅၁ မဲ) |
| ၁၀။ စာသင်ကျောင်း ခြံစည်းရိုး ပြုပြင်ခြင်း | (၃၉ မဲ) |
| ၁၁။ သောက်ရေသန့်ကန် တည်ဆောက်ခြင်း | (၂၇ မဲ) |

**မှတ်တမ်းတင်သူ**

**ဒေါ်နန္ဒာစိုးဦး**

၁၃။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးအစီအစဉ်များ

---သစ်ဆေး ရုံး------ ကျေးရွာအလိုက် ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ

| | | လုပ်ငန်းများ | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရွာတွင်း လမ်း ပြုပြင်ခြင်း | ကျား [✓] မ [✓] | ၂၀၁၇ | ကော်မတီဝင်/ကျေးရွာလူထု | လူထုအဖွဲ့ပြု |
| | ၂ | လမ်းဘေး ရေမြောင်း ပြုပြင် | ကျား [✓] မ [✓] | | | |
| | ၃ | မူကြို ကျောင်း ဆောက်လုပ်ခြင်း | ကျား [✓] မ [✓] | | | |
| | ၄ | ဘောလုံးကွင်း ပြုပြင်ခြင်း | ကျား [✓] မ [✓] | | | |
| | ၅ | လူထုခန်းမ ဆောက်လုပ်ခြင်း | ကျား [✓] မ [✓] | | | |
| | ၆ | ဓာတ်မီးလိုင်းကြိုးနှင့်တိုင်များ ဆွဲခြင်း | ကျား [✓] မ [ ] | | | |
| | ၇ | စာသင်ကျောင်း ခြံစည်းရိုး ပြုပြင် | ကျား [ ] မ [✓] | | | |
| အသက်မွေးဝမ်းကြောင်း | ၁ | ကျွဲနွား ကုသ သင်တန်း | ကျား [ ] မ [✓] | | | |
| | ၂ | | ကျား [ ] မ [ ] | | | |
| | ၃ | | ကျား [ ] မ [ ] | | | |
| | ၄ | | ကျား [ ] မ [ ] | | | |
| | ၅ | | ကျား [ ] မ [ ] | | | |
| | ၆ | | ကျား [ ] မ [ ] | | | |
| | ၇ | | ကျား [ ] မ [ ] | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | သောက်ရေ သန့်ကန် တည်ဆောက်ခြင်း | ကျား [✓] မ [✓] | | | |
| | ၂ | တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း | ကျား [✓] မ [✓] | | | |
| | ၃ | | ကျား [ ] မ [ ] | | | |
| | ၄ | | ကျား [ ] မ [ ] | | | |
| | ၅ | | ကျား [ ] မ [ ] | | | |
| | ၆ | | ကျား [ ] မ [ ] | | | |
| | ၇ | | ကျား [ ] မ [ ] | | | |
| နည်းပညာရရှိမှု | ၁ | | ကျား [ ] မ [ ] | | | |
| | ၂ | | ကျား [ ] မ [ ] | | | |
| | ၃ | | ကျား [ ] မ [ ] | | | |
| | ၄ | | ကျား [ ] မ [ ] | | | |
| | ၅ | | ကျား [ ] မ [ ] | | | |
| | ၆ | | ကျား [ ] မ [ ] | | | |
| | ၇ | | ကျား [ ] မ [ ] | | | |
| အခြား | ၁ | ကျွန်းစံဖိုး တိုင်နှင့်ကြိုး | ကျား [ ] မ [✓] | | | |
| | ၂ | | ကျား [ ] မ [ ] | | | |
| | ၃ | | ကျား [ ] မ [ ] | | | |
| | ၄ | | ကျား [ ] မ [ ] | | | |
| | ၅ | | ကျား [ ] မ [ ] | | | |
| | ၆ | | ကျား [ ] မ [ ] | | | |
| | ၇ | | ကျား [ ] မ [ ] | | | |

**VDP အရည်အသွေး ထိန်းချုပ်မှု**

ထိန်းချုပ်သူ ရက်စွဲ- ရွာ- သစ်လေးလုံးကျေးရွာ VDP ရက်စွဲ

မြို့နယ်- ပျဉ်းမနား ကျေးရွာအုပ်စု- သစ်လေးလုံးအုပ်စု

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဝေး၏ ရလဒ်အား ခွဲခြားပေးထားသလား
    - ▪ ရှိ
    - ▪ မရှိ
- ○ စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –